

## မြသန်းတင့် အမှတ်တရ ရုပ်ပုံလွှာ

၁၉၂၅ နှင့် ၁၉၂၉

"ကိုမောင်မောင်နဲ့ ကိုမြသန်းနဲ့ဆိုရင် ရွယ်တူလောက်ပဲ ရှိမယ်ထင်တယ်"

"ဘယ်ကလာ ရွယ်တူလောက်ရှိရမှာလဲ၊ ကိုမြသန်းက ကျွန်တော့်ထက် လေးငါးနှစ်လောက် ငယ်တယ် ဒေါ်အမာရဲ့"

"တစ်ကယ်ပြောတာပါ၊ မယုံရင် နောက်တစ်ခေါက်လာရင် ကျွန်တော့်ဇာတာ ယူလာခဲ့မယ်။ အခုဆိုရင် ကျွန်တော်က ၆၉ နှစ်ရှိပြီ၊ ကိုမြသန်းက ရှိလှမှ ၆၄-၆၅ လောက်ပဲရှိဦးမယ်"

လွန်ခဲ့သော သုံးလေးနှစ်လောက်က မန္တလေးသို့ ရောက်သွားခဲ့စဉ် ရိုးရာမပျက် လူထုဒေါ်အမာကို ဝင်နှုတ်ဆက်ရင်း စပ်မိစပ်ရာ စကားပြောကြရာမှ ဒေါ်အမာက မြသန်းတင့်နှင့် ကျွန်တော့်ကို သက်တူရွယ်တူလောက် ရှိမည်ဟု ယူဆကာ အမှတ်မထင် မေးကြည့်ခဲ့သည်။ ကျွန်တော်ကလည်း ကျွန်တော့်ထက် မြသန်းတင့်က လေးငါးနှစ် ငယ်ကြောင်း ပြောပြရသည်။ ဒါကို ဒေါ်အမာက မယုံ။

ဒေါ်အမာသာ မယုံသည်မဟုတ်၊ ကျွန်တော်တို့နှစ်ယောက်စလုံးနှင့် ခင်မင်ရင်းနှီးသည့် စာပေရောင်းရင်း အပေါင်းအသင်းများကပါ ကျွန်တော်ထက် မြသန်းတင့် လေးငါးနှစ်ခန့် ငယ်သည်ကို လုံးဝမယုံကြ။ အချို့ဆိုလျှင် ကျွန်တော်ထက် မြသန်းတင့်က တစ်နှစ် နှစ်နှစ် ကြီးသည်ဟုပင် ထင်နေကြသည်။ ဒါကို ပို၍ သေချာအောင်ပြောရလျှင် ကျွန်တော်က ၁၉၂၅ ခုနှစ်ဖွား၊ မြသန်းတင့်က ၁၉၂၉၊ အနည်းဆုံး ၄နှစ် ကြီးသည်။ သည့်ထက်တော့ ပို၍ မသေချာနိုင်။



## တက္ကသိုလ်ကျောင်းသားဘဝ

မြသန်းတင့်က ကျွန်တော့်ထက် ၄ နှစ် ငယ်သလို စစ်ပြီးခေတ် ရန်ကုန်တက္ကသိုလ် ရောက်ကြရာတွင်လည်း ကျွန်တော်က သူ့ထက် တစ်နှစ်စောပြီး ၁၉၄၆ ခုနှစ် တက္ကသိုလ် စဖွင့်လျှင်ဖွင့်ချင်း မြို့မကျောင်းမှ တက္ကသိုလ်ဝင်တန်း အောင်ပြီး ရောက်လာခဲ့သည်။ သူကတော့ ပခုက္ကူ ဗုဒ္ဓဘာသာ အထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင်ပြီး ၁၉၄၇ ခုနှစ်တွင်မှ ရန်ကုန်တက္ကသိုလ် ရောက်လာခဲ့၍ ကျွန်တော်ထက် တစ်နှစ်နောက်ကျသည်။

သို့သော် သူနှင့် ကျွန်တော် တူညီသော အချက်မှာ ဂျပန်ခေတ် (၁၉၄၃-၄၅) တွင် သူက ပခုက္ကူခရိုင် ဖက်ဆစ်တော်လှန်ရေး လှုပ်ရှား မှုများတွင် တက်ကြွစွာ ပါဝင်ခဲ့သလို ကျွန်တော်သည်လည်း ဂျပန်ခေတ် တစ်ခေတ်လုံး မုံရွာခရိုင် အာရှလူငယ်အစည်းအရုံး အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရင်း ဖက်ဆစ်တော်လှန်ရေး လှုပ်ရှားမှုများတွင် ပါဝင်ခဲ့သည်။

စစ်ပြီးစ တက္ကသိုလ်ကျောင်းသားလောကတွင် ပခုက္ကူသားများ မှာ အုံနှင့်ကျင်းနှင့် အင်အားကောင်းလှသည်။ ကိုသန်းတင်၊ ကြည်လင်၊ ကျော်အောင်၊ မြသန်းတင့်၊ အောင်လင်း စသူတို့မှာ ထိုစဉ်ကပင် စာနယ်ဇင်းတွင် ကလောင်သွေးနေကြပြီ ဖြစ်သည်။ သူတို့ထဲတွင် ကြည်လင်သည် အထင်ရှားဆုံးနှင့် အပြောင်မြောက်ဆုံး ဖြစ်သည်။ ထိုစဉ်က ဒဂုန်တာရာ ထုတ်ဝေခဲ့သော တာရာမဂ္ဂဇင်းတွင် ကြည်လင်နှင့် ကြည်အေး၏ လက်ရာများသည် ထူးခြားလှ၍ ပြောစမှတ် ဖြစ်ခဲ့ရသည်။

## တကာသ ရွေးကောက်ပွဲ

တက္ကသိုလ်ကျောင်းသားဘဝတွင် ကျွန်တော်နှင့် မြသန်းတင့် သည် ရှေ့ဆင့်နောက်ဆင့်ဆိုသလို ရောက်လာခဲ့ကြသော်လည်း

လက်ပွန်းတတီး ရင်းရင်းနှီးနှီးမပေါင်းခဲ့ရ၊ လူချင်း သိရုံကျွမ်းရုံမျှသာ ရှိခဲ့သည်။

တက္ကသိုလ်ရောက် ပခုက္ကူကျောင်းသားများထဲတွင် ကျွန်တော်နှင့် အရင်းနှီးဆုံးမှာ ကြည်လင် ဖြစ်သည်။ ကြည်လင်နှင့် ရင်းနှီးနေသည့်အတွက် ကျန်ပခုက္ကူကျောင်းသားများကပါ ကျွန်တော့်ကို ခင်မင်လေးစားကြသည်။ ကြည်လင်သည် အပြောအဆို အရေးအသား တွင်သာမက အတွေးအခေါ်ပါ ထက်မြက်သူတစ်ဦး ဖြစ်သည့်အပြင် မြသန်းတင့်၊ အောင်လင်း၊ ကျော်အောင် အစရှိသည့် ပခုက္ကူကျောင်းသားများအပေါ်တွင် အတော်ကလေး ဩဇာလွှမ်းမိုးခဲ့သည်။

ကျွန်တော် မှတ်မိသေးသည်။ ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသားသမဂ္ဂ အမှုဆောင် ရွေးကောက်ပွဲ ကျင်းပခဲ့သည်ဖြစ်ရာ ထိုစဉ်က သထုံကျောင်းဆောင်တွင်နေသော ကျွန်တော်သည် ကြည်လင်၊ မောင်မောင်ဟိန်တို့နှင့်တွဲ၍ တကသရွေးကောက်ပွဲ ပါဝင်ခဲ့ကြသည်။ တက္ကသိုလ်ကျောင်းသားများမှာ ဂျပန်ခေတ်က အာရှလူငယ် အစည်းအရုံးဝင်များ၊ ဖက်ဆစ်ဆန့်ကျင်ရေး အဖွဲ့ဝင်များအဖြစ် ပါဝင်လှုပ်ရှား နေကြပြီးဖြစ်သည်။

ကျွန်တော်တို့၏ နိုင်ငံရေးအယူအဆမှာ မည်မျှ ပြင်းထန်ခဲ့သည်ဆိုလျှင် တကသရွေးကောက်ပွဲအတွက် လှုံ့ဆော်သည့် ပိုစတာများတွင် 'ကြည်လင်၊ မောင်မောင်ခင်၊ မောင်မောင် ကြိုက်လျှင်မဲပေး၊ မကြိုက်လျှင်မဲမပေးနဲ့' ဟူ၍ပင် ရေးသား၍ အဆောင်နံရံများနှင့် သစ်ပင်များတွင် ကပ်ခဲ့ကြသည်။ ထိုသို့ ရွေးကောက်ပွဲ လှုံ့ဆော်ရေး ပိုစတာများကို မြသန်းတင့်၊ အောင်လင်း၊ ကျော်အောင် စသူတို့က နေရာအနှံ့အပြားကပ်ပေးခဲ့ကြသည်ကို ကျွန်တော်မှတ်မိနေသေးသည်။

သို့သော် ကျွန်တော်တို့၏ ပြင်းထန်လွန်းသော အစွန်းရောက်ဝါဒ

မှာ ကျောင်းသားထုနှင့် အံဝင်ခွင်ကျ မဖြစ်သဖြင့် ကျွန်တော်တို့အဖွဲ့မှာ ခွက်ခွက်လန်အောင် ရှုံး၍ ထိုနှစ်က မန္တလေးသူရိယ ကိုသန်းမောင်က ဥက္ကဋ္ဌအဖြစ် အရွေးခံခဲ့ရသည်။

ယခု ပြန်စဉ်းစားကြည့်လိုက်သောအခါ ကျွန်တော်တို့သည် အခြေအနေအရ ဂျပန်ခေတ်တွင် နိုင်ငံရေးသဘောတရားများကို လေ့လာဆည်းပူးခဲ့ကြသော်လည်း စစ်ပြီးခေတ် တက္ကသိုလ်ကျောင်းသား ဘဝတွင်မူ နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေး စိတ်ဓာတ်များက ပိုမိုလွှမ်းကဲနေသည်ကို သတိပြုမိသည်။

## တက္ကသိုလ်ကို ကျောခိုင်းခဲ့သူ

ကျွန်တော်သည် ၁၉၄၆ ခုနှစ်တွင် တက္ကသိုလ်၌ ပညာသင်ကြားခဲ့သော်လည်း ကျွန်တော်၏ တက္ကသိုလ်ကျောင်းသားဘဝမှာ တစ်နှစ်ခွဲမျှသာ ကြာခဲ့သည်၊ ထိုခေတ်က ပညာရေးစနစ်အရ ဥပစာ ပထနှစ် (I.A Junior) တန်းကို အောင်မြင်ရုံမျှသာ ဖြေဆိုခဲ့ပြီး ၁၉၄၇ ခုနှစ်တွင် ဖဆပလ အထွေထွေသပိတ်ကြီးမှောက်ရာ၌ ပါဝင်ခဲ့ပြီး သပိတ် လှန်ရေး မလှန်ရေးတွင် သပိတ်မလှန်ရေးဘက်မှ မဲပေးကာ အိုင်အေစီနီယာတွင် ကျောင်းမှ တစ်ခါတည်း ထွက်လာခဲ့သည်။

ဤတွင်မြသန်းတင့် ၊ ကျော်အောင်၊ အောင်လင်းနှင့် ညီညီ (လင်းယုန်နီ) တို့ ကျောင်းဆက်တက်၍ ကျန်ရစ်ခဲ့ကြသည်။ ကျောင်းသားလှုပ်ရှားမှုများကို ဆက်လက်ဆောင်ရွက်ရင်း တာရာမဂ္ဂဇင်း၊ ရှုမဝမဂ္ဂဇင်း စသည်တို့တွင် ဝတ္ထုတိုများ၊ ဆောင်းပါးများ ဆက်လက်ရေးသား၍ ကလောင် သွေးခဲ့ကြရာမှ နောင်အခါတွင် စာရေးဆရာများအဖြစ် ထင်ရှားလာခဲ့ကြသည်။ အကယ်၍သာ ကျွန်တော်လည်း ကျောင်းမှမထွက်ဘဲ ဆက်၍နေခဲ့ပါက သူတို့လိုပင် ထိုစဉ်ကတည်းက စာပေနယ်တွင် ခြေချခဲ့မည်မှာ သေချာသည်။

## ၈၁ ပေနယ်တွင် ပြန်လည်ဆုံစည်းခဲ့ကြခြင်း

ထိုသို့ ၁၉၄၇ ခုနှစ်တွင် တက္ကသိုလ်ကို ကျောခိုင်းခဲ့ပြီး၊ စာပေရေစက် မကုန်သော ကျွန်တော်နှင့် မြသန်းတင့်သည် ၁၀ နှစ်ကျော်မျှ ကွဲကွာသွားခဲ့ကြပြီး ရန်ကုန်စာပေနယ်တွင် တဖန်ပြန်၍ ဆုံစည်းခဲ့ကြပြန်သည်။ ဤ ၁၀-နှစ် ကာလအတွင်း ကျွန်တော်သည် ဒဂုန်တာရာ ပြောသလို စုံတောမြိုင်ကန္တာရအတွင်းသို့ လည်းကောင်း၊ အုတ်နံရံလေးဘက် ကာရံထားသည့် သံတိုင်များ နောက်ကွယ်သို့ လည်းကောင်း၊ ရောက်ရှိနေခဲ့သည်။ ၁၉၅၈-ခုနှစ်တွင် ဗန်းမော်တင်အောင်၏ လင်းယုန်ဂျာနယ်တွင် အယ်ဒီတာအဖြစ် ဒါရိုက်ဟစ် ရောက်ရှိလာခဲ့ပြီး မြသန်းတင့်နှင့် ပြန်ဆုံခဲ့ရသည်။

ထိုအချိန်တွင် မြသန်းတင့် အပါဝင် ကျောင်းနေဘက် သူငယ်ချင်းများမှာ အတော်အတန် အမည်ရသည့် စာရေးဆရာများ ဖြစ်နေကြပြီ ဖြစ်သည်။ သို့သော် သူတို့အားလုံးမှာ လင်းယုန်ဂျာနယ်တွင် အပတ်စဉ် ဆောင်းပါးများ ဝတ္ထုတိုများ ရေးကြသည်ဖြစ်ရာ ၃၉ လမ်း၊ လင်းယုန်ဂျာနယ်တိုက်သို့ အမြဲလိုလို ရောက်ရှိလာကြသဖြင့် မကြာခဏ တွေ့ကြရသည်။

ထိုစဉ်က မြသန်းတင့်သည် ဆိုဗီယက်သံရုံးတွင် ဘာသာပြန် အရာရှိအဖြစ် အလုပ်လုပ်နေသည်ဖြစ်ရာ ညနေ ၃-နာရီ ရုံးဆင်းသည်နှင့် လင်းယုန်ဂျာနယ်တိုက်သို့ ပုံမှန်ရောက်လာတတ်သည်ကို ကျွန်တော်မှတ်မိနေသည်။

မြသန်းတင့်သည် စာရေးရာတွင် ပြေပြစ်ညက်ညောသလောက် စကားပြောရာတွင်လည်း စဉ်းစဉ်းစားစားဖြင့် အချက်ကျကျ ပြောတတ်သည်။ ထိုစဉ်က ကျွန်တော်တို့အုပ်စုတွင် ဗန်းမော်တင်အောင်နှင့် ဒဂုန်တာရာတို့လည်း ပါဝင်ကြရာ စကားလုံးအသုံးအနှုန်းကို အမြဲ

သတိထားတတ်သော ဒဂုန်တာရာနှင့် မြသန်းတင့်တို့ နှစ်ယောက်မှာ မကြာခဏ အငြင်းအခုန် ဖြစ်တတ်သည်။ အထူးသဖြင့် အနော်ရထာလမ်းပေါ် ၄၈-လမ်းထိပ်ရှိ ဂျာနယ်ကျော်မမလေးတိုက်တွင် ကျွန်တော်တို့လူစု ညနေတိုင်းဆုံ၍ စာအကြောင်း ပေအကြောင်း ပြောကြပြီဆိုလျှင် ဒဂုန်တာရာနှင့် မြသန်းတင့်တို့မှာ စကားအများဆုံး ပြောသူများဖြစ်ကြသည်။ သူတို့နှစ်ယောက် စာပေအယူအဆနှင့် စာပေအတွေးအခေါ်များကို ငြင်းကြခုံကြရာ၌ မပြီးနိုင်သဖြင့် အိမ်ရှင်ဂျာနယ်ကျော်မမလေးက မကြာခဏ ဝင်၍ စကားဖြတ်ရသည်။

ဒဂုန်တာရာသည် ထိုသို့ စာပေရေးရာ စကားလုံးအသုံးအနှုန်းများကြောင့် မြသန်းတင့်နှင့် မကြာခဏ ငြင်းရခုံရသော်လည်း မြသန်းတင့်၏ အရေးအသား ပြေပြစ်ညက်ညောမှုကိုမူ မကြာခဏ ထုတ်ဖော်ချီးကျူးလေ့ရှိသည်။

## ယူနီဗာ စတီ မြသန်းတင့်

မြသန်းတင့်၏ မူလကလောင်အမည်မှာ မြသန်း ပင်ဖြစ်သည်။ သို့သော် သူနှင့်ခေတ်ပြိုင် 'သခင်မြသန်း' ကလောင်အမည်ဖြင့် စာရေးဆရာတစ်ဦး ရှိနေရာ မြသန်းနှင့် သခင်မြသန်းကို မကြာခဏ မှားတတ်ကြသလို မြသန်းတင့်ကိုလည်း သခင်မြသန်းနှင့် မှားလေ့ရှိကြသည်။ ပြီးတော့ သူတို့နှစ်ယောက်စလုံး ဘဝသရုပ်ဖော် ဆောင်းပါးများ ဝတ္ထုများသာ ရေးသားနေကြသူများဖြစ်ရာ ဤပြဿနာများ ကြာလျှင် ရှင်းမရအောင် ဖြစ်လာမည် စိုးရသည်။ နာမည်များသည့်အတွက် နှစ်ယောက်စလုံးမှာလည်း အနည်းနှင့်အများ ထိခိုက်နစ်နာသလို ဖြစ်နေသည်။

သို့ဖြစ်ရာ နောက်ဆုံး၌ 'မြသန်း' ဟူသော ကလောင်အမည်ကို 'တင့်' တစ်လုံး ထပ်ဖြည့်ကာ 'မြသန်းတင့်' ဟု ပြောင်းလိုက်မှ ပြဿနာ ရှင်းသွားသည်။ 'မြသန်း'ဟူသော ကလောင်အမည်ကို ဖခင်ဦးတင့်နှင့် ပေါင်းစပ်ကာ 'မြသန်းတင့်' ဟူ၍ အမည်ပြောင်းခဲ့စဉ်က စာရေးဆရာ သိန်းဖေ အဖြစ်မှ သိန်းဖေမြင့်ဟု အမည်ပြောင်းခဲ့ရာတွင် ရယ်စရာဟာသ ကလေးတစ်ခုကို မြသန်းတင့်အား ကျွန်တော်ပြောပြဖူးသည်။ စာရေးဆရာ သိန်းဖေသည် သူ၏မိခင် ဒေါ်မြင့်မှ 'မြင့်' ကိုယူ၍ မိခင်ကြီးကို ဂုဏ်ပြုသောအားဖြင့် 'သိန်းဖေမြင့်' ဟု အမည်ပြောင်းခဲ့ရာ တစ်နေ့တွင် သံရုံးညှော်ခံပွဲတစ်ခု၌ မုံရွာဦးဘဝင်းက သိန်းဖေမြင့်အား "ဒီမယ်ကိုသိန်းဖေ၊ ခင်ဗျာ့အမေနာမည် ဒေါ်မြင့် ကိုယူပြီး သိန်းဖေမြင့်လို့ ပြောင်းလိုက်တာ တော့ ကောင်းပါရဲ့၊ ဒါပေမယ့် တကယ်လို့များ ခင်ဗျားအမေ နာမည်က ဒေါ်နိမ့် ဖြစ်နေရင် ခင်ဗျားနာမည် သိန်းဖေနိမ့် ဖြစ်သွားမှာပဲ" ဟု ပြောခဲ့ဖူးကြောင်း မြသန်းတင့်အား ပြောပြမိရာ သူက ဘာမျှပြန်မပြောဘဲ ပြုံးဖြီးဖြီး လုပ်နေခဲ့သည်။

နောက်တစ်ခု ရှိသေးသည်။ မြသန်းမှ 'မြသန်းတင့်' ဟု အမည် ပြောင်းရာတွင် နဂိုကမှ မြသန်းဆိုသောအမည်သည် အမျိုးသမီးနာမည် လို ဖြစ်နေခဲ့ရာ 'မြသန်းတင့်' ဆိုသောနာမည်ကို ကြားလိုက်ရသောအခါ စစ်မဖြစ်မီက တက္ကသိုလ်ကောလိပ် ကျောင်းသားများ၏ အသည်းစွဲ အငြိမ့် မင်းသမီး ယူနီဗာစတီ မြသန်းကြည်ကို သတိရပြီး ကျွန်တော်က သူ့အား ယူနီဗာစတီ မြသန်းတင့်ဟု နောက်ပြောင်ခေါ်ခဲ့ဖူးသည်။

## သူ့စရိုက် သူ့အကျင့်

ကျွန်တော်နှင့် နှစ်ပေါင်း ၄၀-နီးပါး ခင်မင်ရင်းနှီးစွာ ပေါင်းသင်း လာခဲ့သည့် မြသန်းတင့်နှင့်ပတ်သက်၍ ကျွန်တော်နှင့် လုံးဝမတူသည့်

သူ့စရိုက် သူ့အကျင့်မှာ သူသည် အရွတ်အနောက် အပြောင်အပျက် ပြောလေ့ မရှိခြင်းပင်ဖြစ်သည်။ စကားပြောလျှင် အမြဲလိုလို တည်တည် တံ့တံ့နှင့် အများလေးစားအောင် ပြောတတ်သည်။ ကျွန်တော်တို့လို ရင်းနှီးခင်မင်သည့် အပေါင်းအသင်းနှင့်တွေ့မှ ရံဖန်ရံခါ ရယ်စရာ မောစရာ နောက်ပြောင်ပြောတတ်သော်လည်း တစ်ခါတစ်ရံမှ တွေ့ရသည့် မျက်နှာစိမ်းများနှင့်ဆိုလျှင် အရွတ်အနောက် အပြောင်အပျက်များ လုံးဝ မပြောဘဲ နေလေ့ရှိသည်။ သို့ဖြင့် အကြောင်းမသိသူများက ပညာတတ် မာန ကြီးမားသူ၊ စာရေးဆရာမာန လွန်ကဲသူ ဟူ၍ပင် ထင်မှတ်ကြသည်။

ထိုသို့ ထင်မှတ်မည်ဆိုက ထင်မှတ်လောက်သည်။ အဘယ် ကြောင့်ဆိုသော် မြသန်းတင့်သည် သာရေးနာရေး၊ လူမှုရေးတာဝန် ဝတ္တရားများကို လစ်လျူရှုလွန်းသည်ဟု ကျွန်တော်ကိုယ်တိုင်က ယူဆ မိကြောင်း ပွင့်ပွင့်လင်းလင်း ပြောချင်သည်။

ကျွန်တော်သည် ဤအချက်ကို အကြောင်းမဲ့ ပြောခြင်းမဟုတ်၊ တစ်ခါက အမျိုးသားစာပေဆု ချီးမြှင့်ခံရခြင်းနှင့် ပတ်သက်၍ သတင်းစာ တစ်စောင်က တွေ့ဆုံမေးမြန်းရာတွင် 'စာရေးဆရာဆိုတာ စာကို စိုက်လိုက်မတ်တတ် ရေးနေရမှာပဲ၊ တခြား ဘာကိုမှ စိတ်ဝင်စားနေစရာ မလိုဘူး' ဟူသည့် အဓိပ္ပါယ်မျိုး ပြောလိုက်ရာ မြသန်းတင့် အယူအဆသည် တစ်ဖက်သတ် ကျလွန်းသဖြင့် လူငယ် တော်တော်များများက မကျေနပ်ကြဟု သိရသောကြောင့် ဖြစ်သည်။

## စာအများဆုံး ရေးနိုင်သူ

ဤအယူအဆနှင့် ပတ်သက်၍ စောဒကတက်ဖွယ် အငြင်း ပွားဖွယ် ဖြစ်နိုင်သော်လည်း ယနေ့ မြန်မာစာရေးဆရာများအနက် စာ

အများဆုံးရေးနိုင်သူ၊ စာမျိုးစုံရေးနိုင်သူများတွင် မြသန်းတင့်သည်ထိပ်ဆုံး (Top Ten) မှာရှိနေသည်ကို မည်သူမျှ မငြင်းနိုင်၊ ကျွန်တော်နှင့်နှိုင်းရလျှင် ကျွန်တော်သည် မြသန်းတင့်၏ ဆယ်ပုံတစ်ပုံ မရေးနိုင်ဘဲ ဖြစ်နေလေသည်။ စာရေးသည့် အချိန်ထက် သာရေးနာရေး၊ လူမှုရေးများနှင့် ပရဟိတအလုပ်များဖြင့် အချိန်ကုန်နေခဲ့သည်။

သူရေးခဲ့သည့် စာများမှာ ကိုယ်ရေးဝတ္ထု၊ ဘာသာပြန်၊ သမိုင်း၊ သိပ္ပံ၊ ကဗျာ၊ ခရီးသွားမှတ်တမ်း၊ ရသစာတမ်း စသည်ဖြင့် မျိုးစုံလှသည့်ကြားထဲမှပင် စစ်ပြီးခေတ်ကာလ ယနေ့အထိ ဧရာမ စာအုပ်ကြီးများ ရေးသားခဲ့သည်မှာလည်း နည်းနည်းနောနောမဟုတ်၊ ဘဝတက္ကသိုလ်၊ စစ်နှင့်ငြိမ်းချမ်းရေး၊ ပါရီ ကျဆုံးခန်း၊ ရှားလော့ဟုမ်း ဝတ္ထုတိုပေါင်းချုပ်၊ လေရူးသုန်သုန်၊ ရွှေပြည်တော် မျှော်တိုင်းဝေး၊ တက္ကသိုလ် နွေညများ၊ ခန်းဆောင်နီအိမ်မက်၊ သုခမြို့တော်၊ ချစ်သော ယွန်းခင်ခင် အစရှိသည့် ဂန္ထဝင်နှင့် ခေတ်သစ် ဂန္ထဝင် စာအုပ်ကြီးများကိုလည်း ရေးဖြစ်အောင် ရေးလိုက်သေးသည်။ မိဘုရားဖွားစော၊ ဟွန်ဒါယဉ်ကျေးမှု၊ တောင်သမန်အင်း လေညှင်းက ဆော်တော့ စသည့် စာအုပ်ကြီးများလည်း မြန်မာစာပေလောကတွင် ကျန်ရစ်မည့် စာအုပ်ကြီးများပင် ဖြစ်သည်။

အားလုံးကို ခြုံကြည့်လိုက်လျှင် မြသန်းတင့်သည် စာရေးဖို့ လူဖြစ်လာခြင်း ဖြစ်သည်ဟုပင် ဆိုရမလို ဖြစ်နိုင်သည်။ သူအသက်ရှင်နေသရွေ့ စာကိုပဲ စောက်ချ ရေးနေဦးမည်ဟု ယူဆရသည်။

## ကာသိကအောက်နှင့် ခိုးလို့ခုလု

ကျွန်တော်သည် မြသန်းတင့်နှင့် ခရီးရှည် နှစ်ကြိမ်နှစ်ခါတိတိ သွားဖူးသည်။ ပထမတစ်ကြိမ်မှာ ကျုံပျော်စာပေဟောပြောသို့ ဖြစ်သည်။

ဒုတိယတစ်ကြိမ်မှာ ပခုက္ကူ စာပေဟောပြောပွဲသို့ ဖြစ်သည်။ ပထမ တစ်ကြိမ်က မြသန်းတင့်၊ အောင်သင်းနှင့် ကျွန်တော်တို့ သုံးယောက်သာ ဖြစ်၍ အသွားအပြန် ၃-ရက် ခရီးမျှသာ ဖြစ်သည်။ မရောက်ဖူးသော အရပ် ဖြစ်သည့်အပြင် မြို့ခံပုဂ္ဂိုလ်များ၏ ဧည့်ဝတ် ကျေပွန်မှုကြောင့် ပျော်စရာ စိတ်ဝင်စားစရာ ကောင်းလှသည်။

ဒုတိယခရီးမှာ ပခုက္ကူ-ကျွန်းချောင်း တစ်ဝိုက်ဖြစ်၍ မြသန်းတင့်၊ အောင်ခင်ဆင့်၊ အောင်သင်း၊ ချစ်ဦးညို၊ မြတ်လေး၊ မြေဇာနှင့် ကျွန်တော် အပါအဝင် စုစုပေါင်း ၇-ဦး ဖြစ်သည်။ ထုံးစံအတိုင်း လူများသည့် အလျောက် ကသိကအောက် ဖြစ်စရာများ ကြုံခဲ့ရသည်။ သို့သော် ကြီးကြီးမားမား မဟုတ်။ အပြန်ခရီးတွင် မုံရွာသို့ပင် ဝင်ဟောခဲ့ကြ သေးသည်။ တတိယခရီးမှာ ပုဂံအာနန္ဒာဘုရားပွဲနှင့် ပခုက္ကူ-မုံရွာ၊ ပျဉ်းမနား၊ မန္တလေးခရီး ဖြစ်၍ အသွားအပြန် ၁၀-ရက် ကြာခဲ့သည်။

မြသန်းတင့်နှင့် ပတ်သက်၍ ကျွန်တော့်မှာ ခိုးလို့ခုလု နှစ်ခါ ဖြစ်ခဲ့ဖူးသည်။ ပထမတစ်ခါ ၁၉၇၀-ပြည့် ပတ်ဝန်းကျင်က စတော့ဟုမ်း ကမ္ဘာ့ငြိမ်းချမ်းရေး ညီလာခံသို့ ပါမောက္ခဦးအောင်လှနှင့် သွားခါနီး ငွေလိုနေသဖြင့် ‘နွံထဲကကြာ’ ဝတ္ထုကို တစ်ပတ်အတွင်း တက်သုတ်ရိုက် ရေးသည်။ စာအုပ်ထွက်လာတော့ ‘သိန်းဖေမြင့်နှင့် မြသန်းတင့်’ဟု ရေးသူနှစ်ယောက် အမည်တပ်ထားသည်။ သည်ကိစ္စကို ဒဂုန်တာရာနှင့် ကျွန်တော်က အကြီးအကျယ် ဒေါပွကြသည်။

နောက်တစ်ခါ ခိုးလို့ခုလု ဖြစ်သည်မှာ ကျွန်တော်ရေးသည့် ‘စာပေရုပ်ပုံလွှာ’ စာအုပ်အတွက် အမှာစာ တောင်းရာတွင် ဆရာဦးသုခ၊ ဆရာဦးသော်ဇင်၊ ဆရာဦးရန်အောင်၊ ငွေဥဒေါင်း၊ ဒဂုန်တာရာ၊ ပါရဂူတို့က

လိုလိုလားလား ရေးပေးခဲ့ကြသည်။ မြသန်းတင့်က လုံးဝမရေးပေး။ သို့သော် ထိုစဉ်က ရှဲဒိုးဆရာမတစ်ယောက်၏ ဝတ္ထုကိုမူ သူက အမှာစာ ရေးပေးခဲ့သည်။ ခိုးလို့ခုလု ဖြစ်ရသည်မှာ သည်လောက်ပါပဲ။

**လင်းယုန်မောင်မောင်**

(၁၄-၃-၉၇)

**ချယ်ရီမဂ္ဂဇင်း၊ အမှတ် ၂၈၊ မေ—၁၉၉၇**